**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**

Yangon Protestant Reformed Church

**တနင်္ဂနွေစာစောင်**

နေ့စွဲ - ၂၃. ၈. ၀၉

## သူငယ်ချင်းမိတ်ဆွေဖြစ်ခြင်းသည် ဘုရားသခင်၏အကြံအစည်တော်

(God's Counsel of Friendship)

"ဘုရားသခင်ကလည်း၊ ငါဖြစ်သည်အတိုင်းငါဖြစ်၏ဟူ၍၎င်း၊ ငါဖြစ်သည်ဟုအမည်ရှိသောသူသည် ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု ဣသရေလအမျိုးသားတို့အား ပြန်ပြောလော့ဟူ၍၎င်း မောရှေအား မိန့်တော်မူ၏။" ထွက် ၃း၁၄

"ရှေးကာလ၌ဖြစ်ဘူးသည့်အရာတို့ကို အောက်မေ့ကြလော့။ ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသောဘုရားမရှိ။ အဦးမှစ၍ အဆုံးတိုင်အောင်၎င်း၊ ရှေးကာလမှစ၍ မဖြစ်သေးသောအမှုအရာတို့ကို၎င်း ဘော်ပြလျှက် ငါ့အကြံတည်လိမ့်မည်။ ငါ့အလိုရှိသမျှကို ငါပြည့်စုံစေမည်။" ဟေရှာ ၄၆း၉-၁၀

"ဤကမ္ဘာမတည်မရှိမှီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသောဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အားပေးသနားတော်မူသော၊ ငါတို့သခင်ယေရှုခရစ်တော်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိစေတော်မူသတည်း။"ဧဖက် ၁း၄-၅

အရာခပ်သိမ်းတို့တည်ရှိနေရခြင်း၏နောက်ကွယ်မှ ဘုရားသခင်၏ရည်ရွယ်ချက်မှာ သူသည် မိမိလူတို့၏ သူငယ်ချင်း ဖြစ်ဖို့ရန် ဖြစ်သည်။ ဟေရှာ ၄၃း၂၁ "ကိုယ့်အဖို့ငါဖန်ဆင်းသော ထိုလူမျိုးသည် ငါ၏ဂုဏ်ကျေးဇူးကို ပြရလိမ့်မည်။"

### ၁။ ထာဝရကာလမှသူငယ်ချင်း

ဘုရားသခင်သည် ထာဝရဘုရားဖြစ်သည်။ ထိုအချက်ကို မမေ့ရန် အလွန်အရေးကြီးပါသည်၊ ဆာလံ ၉၀း၂ က ပြောပါသည် "တောင်များကို မဘော်၊ မြေကြီးနှင့်လောကဓါတ်တို့ကို ဖန်ဆင်းတော် မမူမှီ၊ ကိုယ်တော်သည် ရှေးကမ္ဘာအဆက်ဆက်မှစ၍၊ နောက်ကမ္ဘာအဆက်ဆက်တိုင်အောင် ဘုရားသခင်ဖြစ်တော်မူ၏။" ထာဝရကာလဆိုသည်မှာ အနန္တအတိတ်မှနေ၍ အနာဂတ်ထိ အချိန်ကိုဆွဲဆန့်ထားခြင်း မဟုတ်ပါ၊ ဘုရားသခင်၏ထာဝရကာလဆိုသည်မှာ၊ အချိန်၏အပြင်ဖက်တွင် ဖြစ်တည်နေခြင်းကို ဆိုလိုပါသည်။

ထာဝရကာလက ဘုရားသခင်၏ဘာကိုမှမလိုအပ်ခြင်းအမှန်တရားနှင့် ဆက်နွယ်စေပါသည်။ ဘုရားသခင်သည် မိမိဘာသာဖြစ်တည်နေသောသူဖြစ်သည်၊ သူ၏ဖြစ်တည်မှုကို သူ့ဘာသာပြည့်စုံနေစေသူဖြစ်သည်။ ထို့ကြောင့် "ငါ့ဖြစ်သည်အတိုင်းငါဖြစ်သည်"ဟုပြောနိုင်ခြင်းဖြစ်သည်(ထွက် ၃း၁၄)။ ဘုရားသခင်ထံတွင် အစမရှိပါ၊ သူစတင်ဖြစ်တည်လာသောအချိန်မရှိပါ၊ သူဖြစ်တည်လာသည့်အရင်းအမြစ်လဲမရှိပါ။ ဘုရားသခင်သည် အမြဲတမ်းရှိတော်မူသည်၊ ထိုအချက်သည် သူ၏ကြီးမြတ်မှုပင် ဖြစ်ပါသည်။

ဤနေရာတါင် ဘုရားသခင်သည် ကျွန်တော်တို့နှင့်ခြားနားပါသည်။ ကျွန်တော်တို့သည် အချိန်၏သတ္တဝါများဖြစ်ကြသည်။ ကျွန်တော်တို့တွင် အစရှိပါသည်။ အဆုံးလဲရှိပါသည်။ အဆက်မပြတ်ပြောင်းလဲနေရခြင်းထဲတွင် နေကြပါသည်။ ဆာလံ ၉၀က သေချာစွာပြောပါသည် "လူမျိုးကိုကား ကြေမွစေတော်မူ၏။ အချင်းလူသားတို့ ပြန်ကြလော့ဟု မိန့်တော်မူ၏။ ရှေ့တော်၌ အနှစ်တထောင်သည် လွန်ပြီးသော မနေ့ကဲ့သို့၎င်း၊ ညဉ့်ယံတယံကဲ့သို့၎င်း ဖြစ်ပါ၏။ လူတို့ကို လွှမ်းမိုး၍ တိုက်သွားတော်မူ၏။ သူတို့သည် အိပ်ပျော်ခြင်းကဲ့သို့ဖြစ်ကြပါ၏။ လူသည် မျက်ပင်ကဲ့သို့ နံနက်အချိန်၌ တိုးပွားတတ်ပါ၏။ နံနက်အချိန်၌ကား ပွင့်လန်း၍ တိုးပွားပါ၏။ ညဦးအချိန်၌ကား ရိတ်၍ ညှိုးနွမ်းပါ၏။" အချိန်သည် ထိုကဲ့သို့ဖြစ်သည်။ ထိုအချိန်၏ပြောင်းလဲမှုအတွင်းတွင် ကျွန်တော်တို့ အသက်ရှင်ကြသည်။

သို့သော် ဘုရားသခင်သည် ထိုသို့မဟုတ်ပါ။ ပေတရုကပြောပါသည် "ချစ်သူတို့ ထာဝရဘုရားမှာ ကာလတရက်သည် အနှစ်တထောင်ကဲ့သို့၄င်း၊ အနှစ်တထောင်သည် တရက်ကဲ့သို့၄င်း ဖြစ်ပါသည်" (၂ပေ ၃း၈)။ ဘုရားသခင်သည် မပြောင်းလဲပါ။ သူသည် ပြည့်စုံသောသူငယ်ချင်းဖြစ်မှု၏ အရင်းအမြစ်ဖြစ်တော်မူသည်။ မာလခိ ၃း၆ "ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။ ထို့ကြောင့် ယာကုပ်အမျိုးသားတို့ သင်တို့သည် ဆုံးရှုံးခြင်းသို့ မရောက်ရကြ။"

**၂။ ထာဝရကာလတွင်လုပ်သောဘုရားသခင်၏လုပ်ဆောင်မှု**

ထာဝရကာလတွင် ဘုရားသခင်သည် အကြံအစည်တော်ရှိပါသည်၊ ဟေရှာ ၄၆း၉-၁၀ ကပြောသည်၊ "ရှေးကာလ၌ဖြစ်ဘူးသည်အရာတို့ကို အောက်မေ့ကြလော့။ ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတပါး အခြားသောဘုရားမရှိ။ အဦးမှစ၍ အဆုံးတိုင်အောင်၄င်း၊ ရှေးကာလမှစ၍ မဖြစ်သေးသော အမှုအရာတို့ကို၄င်း ဘော်ပြလျှက် ငါ့အကြံတည်လိမ့်မည်။ ငါ့အလိုရှိသမျှကို ငါပြည့်စုံစေမည်။" ထိုအကြံအစည်တော်သည် သုံးပါးတဆူဖြစ်ခြင်းအတွင်း ပုဂ္ဂိုလ်သုံးပါးတို့၏ သဘောတူညီစွာဆုံးဖြတ်မှုဖြစ်သည်။ အချိန်ကာလထဲတွင် ဖြစ်မည့်အကြောင်းအရာအားလုံးတို့ကို စီမံချက်ချခြင်းဖြစ်သည်။ ထိုအကြောင်းအရာတို့ကို ဖြစ်လာစေခြင်းဖြစ်သည်။

ဘုရားသခင်၏အကြံအစည်တော်ထဲတွင် ပထမအနေနှင့် သူ၏ခွဲခန့်မှတ်သားတော်မူခြင်း(predestination)ပါသည်။ ၄င်းမှာ ကျေးဇူးတော်ဖြင့် သူ့ထဲသို့ ပါဝင်မည့် လူတစုရှိရမည်ဟု ဆုံးဖြတ်ခြင်းဖြစ်သည်။ ၄င်းကို ရွေးကောက်တော်မူခြင်းဟုခေါ်သည်၊ ရောမ ၈း၂၉ "ဘုရားသခင်သည် ရှေ့မဆွကသိတော်မူသောသူတို့ကို သားတော်၏ပုံသဏ္ဍာန်တော်နှင့် တညီတည်းဖြစ်စေခြင်းငှာ ရှေ့မဆွက ခွဲခန့်မှတ်သားတော်မူ၏။" ထိုသူတို့နှင့်ဆန့်ကျင်လျှက် အခြားသောလူစုတစုကိုလည်း ခွဲခန့်မှတ်သားပါသည်၊ ကျေးဇူးတော်မှလွဲ၍၊ အရင်လူစုနှင့်တပုံစံထဲဖြစ်သည်။ ထို့ကြောင့် ထိုသူတို့သည် မိမိတို့၏ အပြစ်ပြုသောလမ်းထဲ၌ပင် ကျန်ခဲ့ကာ ထာဝရပျက်ဆီးခြင်းထဲသို့ရောက်သွားကြသည်။ ၄င်းကို "ငြင်းပယ်တော်မူခြင်း" ဟုခေါ်သည်၊ ရောမ ၉း၂၂ "ဘုရားသခင်သည် မိမိအမျက်တော်ကိုပြ၍ တန်ခိုးတော်ကို ထင်ရှားစေခြင်းအလို့ငှာ အလိုတော်ရှိလျှက်၊ ပျက်ဆီးခြင်းအဘို့ပြင်ဆင်သော၊ အမျက်ခံရာအိုးများတို့ကို အလွန်သီးခံခြင်းခန္တီနှင့် သည့်ခံတော်မူသည်။"

သို့သော် ဘုရားသခင်၏အကြံအစည်တွင် လူတို့၏ဘဝအဆုံးသတ်ကို ကြိုတင်စီမံခန့်ခွဲတော်မူသည်ကား မလုတ်ပါ၊ အခြားအရာအမြောက်အများကိုလဲ ခွဲခန့်မှတ်သားတော်မူပါသည်၊ ထိုအကြောင်းကို တမန် ၁၅း၁၈ ကဤသို့ပြောပါသည်၊ "ဘုရားသခင်သည် ကမ္ဘာဦးမှစ၍ မိမိစီရင်တော်မူသမျှသောအရာတို့ကို သိတော်မူသည်။" ထိုအရာကို ကျွန်တော်တို့က ဘုရားသခင်၏စောင့်မတော်မူခြင်း(providence) ဟု ခေါ်ကြပါသည်။ ထိုစောင့်မတော်မူခြင်းထဲတွင် စကြာ်ဝဠာကြီးကို ဖန်ဆင်းလိုသော ဆန္ဒတော်နှင့်၊ ဆက်လက်တည်ရှိရန် စောင့်ထိန်းလိုသောဆန္ဒတော်တို့ ပါဝင်ပါသည်၊ နေဟမိ ၉း၆တွင် ဤသို့ဖတ်ရသည်၊ "ကိုယ်တော်သာလျှင် ထာဝရဘုရားဖြစ်တော်မူ၏၊ အမြင့်ဆုံးသောကောင်းကင်နှင့် ကောင်းကင်ဗိုလ်ခြေ အပေါင်းတို့ကို၄င်း၊ မြေကြီးနှင့်မြေကြီးပေါ်မှာ ရှိရှိသမျှတို့ကို၄င်း၊ ပင်လယ်နှင့်ပင်လယ်၌ ပါသမျှတို့ကို၄င်း၊ ဖန်ဆင်းတော်မူ၏၊ အလုံးစုံတို့ကို စောင်မတော်မူ၏။" ထိုသို့ဖြင့် ဘုရားသခင်သည် သူဖန်ဆင်းထားသမျှတို့ကို အသီးသီးတို့၏လိုအပ်ချက်နှင့်အညီ ကြည့်ရှုတော်မူပါသည်။ မဿဲ ၁၀း၂၉ "စာငှက် နှစ်ကောင်ကို အဿရိ တပြားဖိုးနှင့် ဝယ်ရသည်မဟုတ်လော၊ သင်တို့အဘအခွင့်မရှိလျှင်ထိုစာငှက်တကောင်မျှ မြေသို့မကျရ။" ထိုသို့ဖန်ဆင်းသောသတ္တဝါများကို စောင့်ရှောက်တော်မူသော်လည်း၊သူ၏လူတို့ကိုမူ သာမန်မဟုတ်ဘဲ အထူးစောင့်ရှောက်ပါသည်။ ထို့ကြောင့် သခင်ယေရှုက ဤသို့ဆက်ပြောသည် "ထို့ကြောင့် မကြောက်ကြနှင့် သင်တို့သည် စာငှက်များတို့ထက် သာ၍မြတ်ကြ၏" (၃၁)။

ဖန်ဆင်းထားသောသတ္တဝါတို့၏လိုအပ်ချက်ကိုသာမဟုတ်ပါ၊ ကမ္ဘာသမိုင်းကြီးကိုလည်း ဘုရားသခင်က ထိန်းချုပ်တော်မူပါသည်။ ဖါရောဘုရင်ကို ပြောခဲ့သလိုဖြစ်သည်၊ ရော ၉း၁၇ "ငါ့တန်ခိုးကို သင်၌ ငါပြခြင်းငှာ၄င်း၊ ငါ့နာမကို မြေကြီးတပြင်လုံးတွင် ကျော်စောစေခြင်းငှာ၄င်း၊ သင့်ကိုချီးမြှောက်ခဲ့ပြီ။" ကမ္ဘာကြီး၏ရှိရှိသမျှနှင့် ကမ္ဘာပေါ်တွင် ဖြစ်လာမည့်ကိစ္စမှန်သမျှကို၊ ကမ္ဘာမစတင်မှီကထဲက ဆုံးဖြတ်ထားပြီးဖြစ်သော ဘုရားသခင်၏အကြံအစည်ကသာ ထိန်းချုပ်ပါသည်။

### ၃။ မိတ်ဆွေဖြစ်ခြင်း၏ရည်ရွယ်ချက်

ထိုထက်ပို၍ အံ့ဩစရာကောင်းသည်မှာ ဘုရားသခင်သည် မည်သည်ကိုပြုလုပ်သည်ဖြစ်စေ ရည်ရွယ်ချက်နှင့် ပြုလုပ်တော်မူခြင်း ဖြစ်သည်။ ထိုအကြောင်းကို ကျမ်းစာတအုပ်လုံးက ထင်ဟပ်ဖော်ပြနေပါသည်။ ၁ကော ၃း၂၂-၂၃ "ပေါလုဖြစ်စေ၊ အာပေါလုဖြစ်စေ၊ ကေဖဖြစ်စေ၊ ဤလောကဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ သေခြင်းဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောက်လာလတံ့သောအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့ဖြစ်၏၊ သင်တို့သည်လည်း ခရစ်တော်အဖို့ဖြစ်၏၊ ခရစ်တော် သည်လည်း ဘုရားသခင်အဖို့ ဖြစ်တော်မူ၏။" ဤကျမ်းပိုဒ်အရ သမိုင်းထဲတွင် ဖြစ်သမျှအရာတို့သည် ကျွန်တော်တို့အတွက် ဖြစ်ကြရသည်၊ ကျွန်တော်တို့အမှုကို ဆောင်ရွက်ခြင်းအနေနှင့် ဖြစ်ကြရသည်၊ ဘာနှင့်တူသနည်းဆိုသော် ကျွန်တော်တို့က ခရစ်တော်အမှုဆောင်သလို၊ ခရစ်တော်က ဘုရားသခင့်အမှုဆောင်သလိုဖြစ်သည်။ ထိုအတွေးကို ၂ကော ၄း၁၅က ပို၍လှပစွာပြောပါသည် "အရာခပ်သိမ်းသည် သင်တို့အတွက်ဖြစ်လာရသည်၊ ထိုသို့ဖြင့် ကြွယ်ဝသောကျေးဇူးတော်ကို အများက ချီးမွမ်းလျှက်၊ ဘုရားသခင်၏ ဘုန်းတော် ထင်ရှားမည် ဖြစ်သည်။"

ဤအမှန်တရားသည် အရေးကြီးဆုံး ဗဟိုချက်မဖြစ်သည်။ ကမ္ဘာပေါ်တွင်ဖြစ်သမျှ အကြောင်းအရာ အလုံးစုံတို့၏ နောက်ခံအကြောင်းတရား၊ ဘုရားသခင်၏ရည်ရွယ်ချက်ကို ပြောပြသည်။ ဘုရားသခင်၏ရည်ရွယ်ချက်သည်၊ သူကိုယ်တိုင်က ခရစ်တော်ထံပေးအပ်ထားသည့် ရွေးကောက်ထားသူတို့ကို အဓိကထားသည်။ ထိုရွေးကောက်ထားသောသူတို့အတွက်သာ သမိုင်းထဲရှိဖြစ်သမျှအကြောင်းတို့ကို ဖြစ်နေစေတော်မူခြင်းဖြစ်သည်။

ထိုသို့ပြောခြင်းက နောက်မေးခွန်းတခုစီသို့ရောက်စေသည်၊ ဘာကြောင့်နည်း(Why?) ဆိုသည့် မေးခွန်းဖြစ်သည်။ သူ၏လူတို့အတွက် ဘုရားသခင်၏စိတ်တော်တွင် ဘာတွေရှိသနည်း။ ထိုမေးခွန်း၏ အဖြေကို အလွန်အရေးကြီးသောကျမ်းပိုဒ်များထဲမှတခုဖြစ်သည် ဧဖက် ၁း၃-၅တွင်တွေ့ရသည်၊ "ငါတို့သည် ဘုရားသခင်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျှက်၊ အပြစ်ကင်းလွတ်လျှက် ဖြစ်မည်အကြောင်း၊ ဤကမ္ဘာမတည်မရှိမီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင် သောအရာတို့၌ ခပ်သိမ်းသောဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော၊ ငါတို့သခင်ယေရှုခရစ်တော်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိစေတော်မူသတည်း၊ ထိုဘုရားသခင်သည် ချစ်တော်မူသောကြောင့်၊ ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှာ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကိုရမည်အကြောင်း၊ အ လိုတော်ရှိသောစေတနာအတိုင်း ရှေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။" အရာခပ်သိမ်းတို့ နောက်၌ရှိသော ဘုရားသခင်၏ ရည်ရွယ်ချက်မှာ၊ သခင်ခရစ်တော်ထံ၌ရွေးကောက်ခြင်းခံရသူတို့ "သား၊သမီးအရာကိုရကြရန်" ခွဲခန့်မှတ်သားတော်မူခြင်းဖြစ်သည်။ ထာဝရအကြံအစည်တော်ထဲမှ ပထမဆုံး အမိန့်တော်မှာသခင်ခရစ်တော်၏သားအရာကို ပါဝင်ဆက်ဆံမည့် လူတစုကို သခင်ခရစ်တော်ထံ ပေးအပ်ခြင်း ဖြစ်သည်။ ထိုသို့ဖြင့် ထိုလူတစုသည် ဘုရားသခင်၏မိသားစုဝင်များအဖြစ် ထာဝရနေထိုင်ကြရန်ဖြစ်သည်။ ထို့နောက် ထိုအကြံအစည်တော် ဖြစ်ပျက်လာဖို့နေရာအနေနှင့် ကမ္ဘာကြီးကိုဖန်ဆင်းရန်ဖြစ်သည်။ ထိုရည်ရွယ်ချက် ဖြစ်ပေါ်ရန် သူ၏သားတော်ကို ဤလောကသို့ စေလွှတ်တော်မူခြင်းဖြစ်သည်။ အရာခပ်သိမ်းကို ထိုရည်ရွယ်ချက် အကောင်အထည်ဖော်ရန် ဖြစ်လာစေခြင်းဖြစ်သည်။ အရာခပ်သိမ်း ဖြစ်စရာရှိသမျှတို့ ဖြစ်ပျက်ပြီးလျှင် ထိုရည်ရွယ်ချက်ကို နောက်ဆုံးအဆင့် အကောင်ထည် ပေါ်ဖြစ်လာစေမည် ဖြစ်သည်။ ဤအမှန်တရားကို ပေါလုက ရော ၈း၂၈ တွင်ရေးထားသည်၊ "ဘုရားသခင်ကို ချစ်သောသူ တည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့ သိကြ၏။" သခင်ယေရှုက ယောဟန် ၁၇း၂၃ တွင် ပို၍လှပစွာ ပြောပါသည်၊ "ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း သူတို့ထဲ၌ ရှိသဖြင့် သူတို့သည် ပြည့်စုံစွာ တလုံးတဝတည်းဖြစ်လာကြပါမည်။ ထိုသို့ဖြင့် ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့၊ သူတို့ကိုလည်း ချစ်တော်မူကြောင်းကို ကမ္ဘာကြီးက သိမည်ဖြစ်သည် (မူရင်းအင်္ဂလိပ်ဘာသာမှပြန်ဆိုသည်)။" (God's Counsel of Friendship by Rev. B. Woudenberg ကိုဘာသာပြန်သည်။)

# အစားကြူးခြင်း(Gluttony)

မေးသောမေးခွန်းမှာ၊ "အသင်းတော်သည် အဘယ်ကြောင့် အစားကြူးခြင်းနှင့်ပတ်သက်၍ ယနေ့ချိန်တွင် တရားသောခြင်း၊ သင်တန်းပေးခြင်း နည်းပါးလျှက် တိတ်နေရသနည်း။ ယခွခင်ခေါတ် အသင်းတော်များက သွန်သင်ခဲ့ကြပါသော်လည်း၊ ယနေ့ချိန်တွင် မတွေ့ရသလောက်နည်းနေပြီဖြစ်သည်။"

ကျမ်းစာက အစားကြူးခြင်းနှင့်ပတ်သက်၍ တနေရာထက်မက ပြောပါသည်။ သို့သော် သိပ်အများကြီးတော့မပြောပါ။ အစ္စရေးမိဘတို့က သူတို့၏ ပုန်ကန်သော၊ ခေင်းမာသောသားကို လူကြီးများ ထံသို့ခေါ်ကာ ဤသို့ပြောရမည်ဟု ဘုရားသခင်က ပညတ်ပါသည်၊ တရား ၂၁း၂၀ "အကျွန်ုပ်တို့သားသည် ဆိုးသောသူ၊ ခက်ထန်သောသဘောရှိ၍ အကျွန်ုပ်တို့စကားကို နားမထောင်သောသူဖြစ်ပါ၏။ စားကြူးသောသူ၊ သောက်ကျူးသောသူဖြစ်ပါ၏။" ယနေ့ခေတ်တွင်လဲ ကျွန်တော်တို့သားသမီးများ ထိုသို့ မိဘတို့ကို ပုန်ကန်သူဖြစ်လျှင် ထိုသို့ပင် ပြုရဦးမည်ဖြစ်သည်။ သုတ္တံကျမ်း ၂၃း၂၀-၂၁ တွင် ရှောလမုန်မင်းကြီးက ဘုရားသခင်၏လူတို့ကို ဤသို့ ဆုံးမပါသည်၊ "စပျစ်ရေသောက်ကြူးသောသူ၊ အမဲသားစားကြူးသောသူတို့ကို အပေါင်းအဖေါ်မလုပ်နှင့်၊ သောက်ကြူးသောသူ နှင့် စားကြူးသူသည် ဆင်းရဲခြင်းသို့ ရောက်ခိမ့်မည်။ အိပ်ကြူးသောသဘောသည် လူကို အဝတ်စုတ်နှင့် ခြုံတတ်၏။" ဂျူးလူမျိုးတို့က အစားကြူးခြင်းကို အရေးကြီးသောအပြစ်ဟုယူဆကြသည်။ ထို့ကြောင့် ဂျူးတို့က သခင်ယေရှုကို "စားကြူးသောသူ၊ စပျစ်ရည်သောက်ကြူးသူ"ဟု စွပ်ဆွဲကြသည်၊ (မဿဲ ၁၁း၁၉၊ လုကာ ၇း၃၄)။ သုတ္တံ ၂၃း၁-၃ တွင် စားကြူးခြင်းကို အတိအကျမပြောသော်လည်း အရေးကြီးသောဆုံးမစကားဖြစ်သည်၊ "မင်းနှင့်အတူထိုင်၍စားသောက်သောအခါ သင့်ရှေ့မှာ အဘယ်သူရှိသည်ကို စေ့စေ့ဆင်ခြင်လော့၊ သင်သည် စားကြူးတတ်သောသူဖြစ်လျှင် သခင်၏လည်ချောင်းကို ဓါးနှင့်ရွယ်လော့၊ ထိုမင်း၏စားဖွယ်ခဲဖွယ်တို့ကို အလိုမရှိနှင့်၊ လှည့်စားတတ်သောအစာဖြစ်၏။"

မေးခွန်းမေးသူက စားကြူးခြင်းသည်အပြစ်ဖြစ်သည်ဟု ထင်နေပုံရပါသည်။ သင်းအုပ်များက ယနေ့ချိန်တွင် ဘာကြောင့် ထိုကိစ္စကို မဟောကြတော့သနည်းဟုမေးထားသည်။ အတိအကျ မည်သို့ ဖြေရမည်ကို ကျွန်တော်လည်း မသိပါ၊ ဖြစ်နိုင်စရာအများတော့ရှိပါသည်။ သင်းအုပ်ဆရာကိုယ်တိုင်က အစားပုတ်သောကြောင့်ဖြစ်နိုင်ပါသည်။ သင်းအုပ်က ထိုကိစ္စမျိုးကို တရားဟောပလ္လင်ပေါ်မှပြောသောအခါ၊ ပရိတ်သတ်အပေါင်းက ဟာသ(ရီစရာ)ပြောသည်ဟု ထင်တတ်ကြပြန်သည် (တခါက ကျွန်တော်ကိုယ်တိုင် ထိုသို့အထင်ခံရဖူးပါသည်)။ အသင်းသူ/သားအများစုက အစားပုတ်သောကြောင့် သင်းအုပ်က သူ့လူများစိတ်မကောင်းမည်ဆိုး၍ မပြောသည်လည်းဖြစ်နိုင်ပါသည်။ ယနေ့ချိန်တွင် အစားကြူးခြင်းကို အရေးမကြီးသော အပြစ်ကလေးဟု လူအများကထင်နေပါသည်၊ အထူးဂရုစိုက်နေစရာ မလိုပါဟု ထင်တတ်ကြပါသည်။

သင်းအုပ်များ စားကြူးခြင်းကိစ္စကို သိပ်မပြောကြတော့ခြင်း၏ ဖြစ်နိုင်ခြေနောက်တခုမှာ၊ ထိုစကားလုံးကို အနက်ဖွင့်ဖို့ရန် ခက်သောကြောင့်ဖြစ်ပါလိမ့်မည်။ မိမိစားချင်သမျှအားလုံးကို စားနေသော်လည်း အလေးချိန် တပေါင်မှတိုးမလာသော လူပိန်ကလေးကို စားကြူးသူဟုသတ်မှတ်ရပါမည်၊ သို့သော် အနည်းငယ်ကိုသာ ဆင်ခြင်၍စားသော်လည်း စားသမျှတို့သည် အဆီအဖြစ်သို့ပြောင်းသဖြင့် ဝနေသူကို အစားကြူးသူဟု သတ်မှတ်၍မရပါ။

အစားအသောက်ကို အငန်းမရစားသောက်သော်လည်း ဘယ်တော့မှဝမလာသော လူပိန်ကလေးသည် အစားကြူးခြင်းအပြစ်ကို ကျူးလွန်သူဖြစ်သည်။ သို့သော် အဝလွန်သူတိုင်းသည်အစားကြူး၍ မဟုတ်ပြန်ပါ။ လူဝကြီးတိုင်းသည်အစားကြူးသူမဟုတ်သလို၊ ပိုသူတိုင်းသည်လဲ ထိုအပြစ်ကို မပြုသူ မဟုတ်ပြန်ပါ။ အသင်းလူကြီးများက အိမတိုင်းဝင်၍ မည်သူသည်အစားပုတ်သူ၊ မည်သူသည်နည်းနည်းစားသူဖြစ်ကြောင်း မသိကြပါ။

နောက်အရေးကြီးသောအချက်တခုမှာ၊ မည်မျှသောအစာကိုစားလျှင် စားကြူးခြင်းအပြစ်ကို ကျူးလွန်သူဖြစ်သနည်းဟု တိုင်းတာရန် ခက်ခြင်းဖြစ်သည်။ မည်သည့်အစားကိုစာလျှင် ထိုအပြစ်ကိုကျူးလွန်ရာရောက်သနည်းဆိုသည်မှာလည်း တိုင်းတာရန်ခက်ပါသည်။

တတိယကမ္ဘာ(ဆင်းရဲသောတိုင်းပြည်များ)တွင် အစားကြူးနိုင်သူနည်းပါသည်။ ထိုတိုင်းပြည်များတွင် ပြဿနာသည် အများအပြားစားခြင်းမဟုတ်ပါ၊ မသေအောင်မည်သို့စားမည်နည်း ဆိုသည်ကဖြစ်သည်။ အမြောက်အများရှိသော ကျွန်တော်တို့တိုင်းပြည်များ(အနောက်နိုင်ငံများ)အတွက်သာ အစားကြူးခြင်းပြဿနာသည် အလွန်အရေးကြီးနေပါသည်။

မည်သို့ပင်ဖြစ်စေ၊ သစ္စာရှိသောသင်းအုပ်တိုင်း၊ ဘုရားသခင်၏အကြံစည်တော်အားလုံးကို ဟောကြားရမည်ဟု မိမိအလုပ်ကိုသိသောသင်းအုပ်တိုင်း၊ ကျမ်းစာကပြောသည်များကို လက်တွေ့ဘဝတွင် ထင်ဟပ်ရမည်ဟု သစ္စာရှိစွာကြိုးစားသောသင်းအုပ်တိုင်း အစားကြူးခြင်းအပြစ်ကို ပြောဆိုဆုံးမပါသည်။ ထိုစကားလုံးကိုမသုံးဘဲ ဆုံးမကြပါသည်။ မည်သို့ဖြစ်နိုင်မည်နည်း။

ကျွန်တော်တို့ မည်မျှအတိုင်းအတာထိ စားသောက်သည်၊ မည်သို့သောအစား အစာမျိုးကို စားသောက်သည် စသည်တို့သည် ခရစ်ယာန်တို့၏လွတ်လပ်မှုခေါင်းစဉ်အောက်တွင်ရှိပါသည်။ ထို့ကြောင့် ဥပဒေပညတ်များလုပ်စရာမလိုပါ၊ ဘုရားသခင်၏အိမ်တော်တွင် ရှင်ဘုရင်ဖြစ်ရန် သခင်ခရစ်တော်၏ ဘိသိတ်ပေးခြင်းကိုခံရသူများဖြစ်၍၊ ခရစ်ယာန်သည် မိမိအသက်တာကို ကျမ်းစာဥပဒေသများဖြင့် ထိန်းသိမ်းအုပ်ချုပ်ပါသည်၊ မိမိကိုယ်ကိုသိသော ဩတ္တပ္ပစိတ်သည် သူ၏လမ်းညွှန်ဖြစ်ပါသည်။ ထိုဩတ္တပ္ပစိတ်ကို ဘုရားသခင်၏နှုတ်ကပတ်တော်ကို ချုပ်ကိုင်ပါသည်။ ထို့ကြောင့် သစ္စာရှိသောသင်းအုပ်သည် ထိုစားကြူးခြင်းအပြစ်၏ နောက်ကွယ်တွင်ရှိသော ဥပဒေသများကို ဟောကြားပါသည်။ ထိုဥပဒေအချို့တို့မှာ မည်သို့နည်း။

ကျွန်တော်တို့သည် ဘာစားရမည်၊ ဘာသောက်ရမည်ကို အရမ်းစိတ်ပူရန်မလိုပါ၊ အဘယ်ကြောင့်ဆိုသော် စာကလေးများကိုပင် ကျွေးတော်မူသောဘုရားသခင်သည် ကျွန်တော်တို့ကို ဂရုစိုက်ပါမည်ဟု ကတိပေးတော်မူသည် (မဿဲ ၆း၂၅-၃၄)။ အလွန်လောဘကြီးစွာစားကြူးခြင်းသည် ထိုသခင်ယေရှု၏ ကတိစကားများကို ဂရုပြုခြင်းမရှိရာမှ စတင်ပါသည်။

ပိန်ဖို့ရန်အတွက် ဘာမှမစားဘဲ၊ ဘုရားသခင်၏ဆုများကို အစာရှောင်ခြင်းမျိုး မလုပ်သင့်ပါ။ ကျေးဇူးတင်သောနှလုံးသားဖြင့် လက်ခံရမည်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် သန့်ရှင်းစေလျှက် ဆုတောင်းက၊ ဘုရားသခင်၏လက်ဆောင်အဖြစ် အရသာရှိစွာ စားရပါမည် (၁တိ ၄း၁-၅)။

စားခြင်းနှင့်သောက်ခြင်းသည် ဘဝ၏ရည်ရွယ်ချက်ဟု ဘယ်တော့မှမသတ်မှတ်ရပါ။ ထိုကိစ္စကို ခံစားဖို့ရန်ချည်း မတွေးရပါ၊ ကျွန်တော်တို့၏အဓိကတာဝန်သည် ဘုရားသခင်၏ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရာကို ရှာဖွေရန်ဖြစ်သည် (မဿဲ ၆)။ ဆိုလိုသည်မှာ ကောင်းကင်ဘုံရှိအဖဘုရားသခင်သည် ကျွန်တော်တို့ကို စားရန်သောက်ရန်တို့ကိုပေးတော်မူသည်၊ ထိုသို့ဖြင့် ကျွန်တော်တို့သည် ခွန်အားကိုရရှိက၊ ကောင်းကင်နိုင်ငံသို့သွားနေသော ဘုရားဖူးခရီးကို ဆက်လက်သွားနိုင်ကြရန်ဖြစ်သည်။ ကျွန်တော်တို့သည် မြေကြီးပေါ်မှာသာ ရှိကြပါသေးသည်။ သခင်ခရစ်တော်က ဤနေရာတွင် သူ၏နိုင်ငံတော်အတွက် လုပ်ရန်အလုပ်များကို ကျွန်တော်တို့ထံပေးတော်မူထားပါသည်။

အင်မတန်ဈေးကြီးသော စားသောက်ဖွယ်ရာများနှင့် ဇိမ်ခံနေက၊ အသင်းတော်ရှိ ဆင်းရဲသူများကို မပေးကမ်းဘဲနေလျှင်၊ ကျွန်တော်တို့စားသောက်သည့်အရာများက အဆီများဖြစ်လာကြမည်သာမကပါ၊ ဘုရားသခင်၏ကျိန်ခြင်းဖြင့် ထိုအစာများသည် ဝမ်းထဲတွင် ခါးသောအရာများ ဖြစ်လာကြပါလိမ့်မည်။

ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားသည် အလွန်အရေးကြီးသဖြင့် ထိုတာဝန်သည် စားခြင်းနှင့်သောက်ခြင်းအမှုကို ကျော်လွန်လျှက်ရှိသည်။ ထို့ကြောင့် ခရစ်ယာန်တို့အတွက်၊ မိမိတို့သားသမီးများ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေစွာစာသင်နိုင်ရန်နှင့် အစားအသောက်ကိုငှင်း၊ တရားဒေသနာကြားနာခြင်းနှင့်စားစရာအာလူးကိုငှင်း၊ သာသနာပြုလုပ်ငန်းအတွက်ထောက်ပံ့ခြင်းနှင့်ပန်းသီးဝယ်စားဖို့ရန်ငှင်း တခုမဟုတ်တခုကို ရွေးရန်လိုလာသည့်အခါ၊ ဘုရားသခင်၏နိုင်ငံတော်အတွက် ကုန်ကျရန်သည် ပို၍သာအရေးကြီးပါသည်။

ကျွန်တော်တို့ထံတွင် ပေါများခြမ်းသာလှသဖြင့် မိမိတို့အတွက် ကောင်းကျိုးကိုမပေးသော အင်မတန်ဈေးကြီးသည့် အစားအစာကောင်းများကို စားကြသည့်အခါ၊ “အစားကြူးခြင်း”အပြစ်ကို ကျွန်တော်တို့ ပြုကြပါသည်။ ကျွန်တော်တို့ကျန်းမာရေးကိုထိခိုက်မည့် မည်သည့်အစားအသောက်ကိုမဆို စား

လျှင် ကျွန်တော်တို့သည် အပြစ်ပြုခြင်းဖြစ်သည်။ ထိုသို့ပြော၍ ဆရာဝန်များ၏ပြောစကားကို အမြဲနား ထောင်ကာ စားသည့်အစာတွင် အဆီမည်မျှပါကြောင်း တိုင်းထားနေရမည်ဟုမဆိုလိုပါ၊ ကျွန်တော်တို့ သည် ကျမ်းစာကသင်ပေးသောဥပဒေသဖြစ်သည့် "သင်၏ အလွန်အကျွံမပြုခြင်းအသက်တာကို လူ တိုင်းတို့ရှေ့၌ ထင်ရှားစေပါ၊ သခင်ဘုရားသည် အနီးတွင်ရှိတော်မူပါသည်" (ဖိ ၄း၅၊ မူရင်းကျမ်းစာမှ ပြန်ဆိုသည်။ ဘာသာပြန်သူ) ဆိုသည့်စကားနှင့် အသက်ရှင်ကြရပါမည်။ ထိုစကားသည် ယနေ့ခေတ် တွင် အလွန်လိုအပ်နေသော စကားဖြစ်ပါသည်။ စားခြင်းသောက်ခြင်းနှင့် အခြားအမှုကိစ္စအလုံးစုံတွင်၊ ကျွန်တော်တို့ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားရန်အတွက် ပြုလုပ်ကြရပါမည်(၁ကော ၁၀း ၃၁)။ (အိုင်ယာလန်တိုင်းပြည်ရှိ Covenant PRC မှအသင်းသားတယောက်၏မေးခွန်းကို၊ အမေရိကန်နိုင်ငံရှိ PRC မှ Prof. Hanko ၏ဖြေကြားချက်ကို ဘာသာပြန်သည်)

=========================================

## အစ္စရေးတို့အတွက် လျှမ်းလျှမ်းတော်အနာဂတ်ရှိသေးသည်ဟု ကျမ်းစာကပြောပါသလား
## (Does The Bible Teach a Blessed Future for Israel)

ယနေ့ခေတ်တွင် အစ္စရေးနိုင်ငံ၊ ၁၉၄၈၌ ပြန်လည်ထူထောင်နိုင်ခြင်းကို ဓမ္မဟောင်းကျမ်းစာပရော ဖက်ပြုချက်များ ပြည့်စုံလာခြင်းဟု လူအများက မှားယွင်းစွာထင်နေကြပါသည်။ သို့သော် သတိပြုရမည် မှာ အာဗြဟံက ထိုနိုင်ငံကို ဘယ်သောအခါကမှ ပိုင်ဆိုင်ခဲ့ခြင်းမရှိပါ၊ ခြေတဖဝါးချစရာပင် မပိုင်ခဲ့ပါ (တမန် ၇း၅)။ ယုံကြည်ခြင်းဖခင်ကြီးများ ကေင်းကင်ခါနန်ကိုသာ အမွေရခဲ့ကြပါသည် (ဟေဗြဲ ၁၁း၁၆)၊ မြေကြီးခါနန်ပြည်က နိမိတ်ပုံ(type)သာဖြစ်ပါသည်။

ဟေဗြဲ ၃း၁၉ က အစ္စရေးတို့သည် "မယုံကြည်ကြသောကြောင့် မဝင်နိုင်ခဲ့ကြ"ဟု သင်ပေးပါ သည်။ ယေဇ ၃၃း၂၅-၂၆ တွင် ဘုရားသခင်က ရွဲ့၍ မေးသော မေးခွန်းကိုမေးခဲ့ပါသည်၊ "သင်တို့သည် အသွေးနှင့်တကွ အမဲသားကိုစားလျှက်၊ ရုပ်တုတို့ကို ဖူးမျှော်လျှက်၊ လူ့အသက်ကိုလည်း သတ်လျှက်နှင့် ပင်၊ ဤပြည်ကို ပိုင်ရကြမည်လော။ ထားကိုခိုလှုံလျှက်၊ စက်ဆုပ်ရွံရှာဖွယ်သောအမှုကိုပြုလျှက်၊ အိမ်နီး ချင်းမယားကို ပြစ်မှားလျှက်နှင့်ပင်၊ ဤပြည်ကို ပိုင်ရကြမည်လော။" ရှင်းနေသည်မှာ နောင်တမရခြင်း၊ မယုံကြည်ခြင်းတို့က ကတိတော်မြေကို မပိုင်ရခြင်းအကြောင်းများဖြစ်သည်။ ထိုသို့ဖြစ်လျှင် ၁၉၄၈၌ ဂျူး တို့က ပါလက်စတိုင်းဒေသကို ပြန်လည်ပိုင်ဆိုင်ခြင်းသည် မည်သို့လျှင် ပရောဖက်များပြောစကား ပြည့်စုံ ချက် ဖြစ်နိုင်ပါမည်နည်း။

ပရောဖက်ပြုချက်များကို အရှိအတိုင်းတိကျစွာ အနက်ဖွင့်ရမည်ဟု ပြောခြင်းက ရှေ့နောက်ညီ ညွတ်ခြင်းကို တောင်းဆိုပါသည်။ တပါးအမျိုးသားများက ဂျေရုစလင်မြို့တွင် တဲတော်ပွဲကို ကျင်းပနိုင် ကြမည်လား(ဇာခရိ ၁၄း၁၆-၁၉)။ သခင်ယေရှုက ဝတ်ပြုခြင်းနှင့်ဆိုင်သောနေရာသတ်မှတ်ခြင်းများ တ နေ့တွင် ပျောက်လိမ့်မည်ဟု ပြောခဲ့ပါသည်၊ "အချင်းမိန်းမ၊ ငါ့စကားကိုယုံလော့၊ ဤတောင်သို့မလာ၊ ယေရုရှလင်မြို့သို့မသွားဘဲ ခမည်းတော်ကို ကိုးကွယ်ရမည့်အချိန်ကာလ ရောက်ဆဲရှိ၏"(ယော ၄း၂၁)။ တနေ့သောအခါ တဲတော်ပွဲလိုမျိုးကို ပြန်လည်ကျင်းပရမည်ဟုပြောခြင်းသည်၊ အရိပ်သဏ္ဍာန်များလွှမ်းမိုး သော ဓမ္မဟောင်းကာလသို့ ခေတ်နောက်ပြန်ဆွဲခြင်း မဟုတ်ပေဘူးလား(ကော ၂း၁၇)။ "အားမရှိသော၊ သူတောင်းစားနှင့်တူသော(ပညတ်များ)"(ဂလာတိ ၄း၉-၁၁) ထံသို့ ပြန်၍လှည့်ပြန်ခြင်း ဖြစ်နေမည် မဟုတ်ပါလား။ ဟေရှာယက "ထိုကာလ၌ ထာဝရဘုရားသည် လက်တော်ကိုဆန့်၍၊ ကျန်ကြွင်းသော ကိုယ်တော်၏လူတို့ကို -------ပြည်များမှကယ်ယူခြင်းငှာ တဖန်ပြုတော်မူလိမ့်မည်"(ဟေရှာ ၁၁း၁၁)ဟု ပြောထားသည်။ ထို ခန်းနားလှသောကတိတော်ကို အချို့က ၁၉၄၈ အစ္စရေးတိုင်းပြည်တည်ထောင် သောအခါ၊ ပြည့်စုံပြီဟုပြောကြလျှင်၊ ထိုကတိတော်၏နောက်ဆက်တွဲများဖြစ်သည့် ပါလက်စတိုင်း၊ အီဒုံ၊ မောဘ၊ အာမုန် စသောသူတို့ကိုပြန်လည်ထူထောင်မည်ဆိုသောအချက်ဘယ်မှာနည်း၊ ထိုသူတို့ကို ပြန် အုပ်ချုပ်မည်ဆိုသည်မှာ အဘယ်နည်း။ ထိုတိုင်းပြည်တို့ ပျောက်ကွယ်သည်မှာ ကြာလွန်းလှပြီ၊ ၁၉၄၈ တွင် မပါကြပါ၊ ဘာကြောင့်နည်း။ ဟေရှာယ ၁၁ သည် အရှိအတိုင်း(literal)ပြည့်စုံသည်ဟုဆိုလျှင် ငယ်(၁၄)လည်း ပါရမည်ဖြစ်သည်၊ "သူတို့သည် အနောက်ဖက်၌ ဖိလိတ္တိလူများကို လိုက်၍တိုက်ကြလိမ့်

မည်၊ အရှေ့ပြည်သားတို့၏ဥစ္စာကို အတူ လုယူကြလိမ်မည်၊ ဧဒုံအမျိုးနှင့် မောဘအမျိုးကိုလည်း လုပ်ကြံကြလိမ့်မည်၊ အမ္မုန်အမျိုးသားတို့သည် သူတို့၏အုပ်ချုပ်ခြင်းကို ခံရကြလိမ့်မည်။" ဘုရားသခင်သည် ဧဒုံအမျိုးကို မုန်းသည်၊ ထို့ကြောင့် "သူနေသောတောင်တို့ကို လွင်ပြင်ဖြစ်စေပြီ၊ သူအမွေခံရာမြေကို ပြေခွေးတို့၌အပ်ပြီ ဖြစ်သည်" (မာလခိ ၁း၃)။ ဧဒုံအမျိုးက ပြန်လည်ထူထောင်မည်ကြံသော်လည်း၊ ဘုရားသခင်က ပြန်ဖြိုဖျက်တော်မူသည် (ငယ် ၄)။ ဘုရားသခင်က သူတို့ကို မုန်းသည်မှာ အစဉ်အမြဲဖြစ်သည် (ငယ် ၅)။ အရှိအတိုင်းပြည့်စုံခြင်းဆိုသည်မှာ ထိုသို့ဖြစ်သည်။ ထို့ကြောင့် ဟေရှာ ၁၁ သည် အရှိအတိုင်း ပြည့်စုံပြီဟုပြောလျှင် တခုမှမကျန်ပြည့်စုံရမည်၊ ယ္ခုတော့ ထိုသို့မဟုတ်ပြန်ပါ။ ဟေရှာယက "တဖန်(ဒုတိယအကြိမ်)"ဟုပြောထားရာ၊ ပထမအကြိမ်လွတ်တော်မူခြင်းသည် အီဂျစ်ပြည်ကျွန်ခံနေရာမှ ဖြစ်ရာ၊ ဒုတိယအကြိမ်သည် ဗာဗုလုန်၌နှစ်(၇၀)ကျွန်ခံရာမှဖြစ်သည်၊ ၁၉၄၈ မဟုတ်ပါ။

ဓမ္မသစ်ကျမ်းက ဓမ္မဟောင်းမှပရောဖက်ပြုချက်များအပေါ် အလင်းပေးပါသည်။ အရှိအတိုင်း အနက်ဖွင့်ခြင်းက မမှန်နိုင်ရာ ပရောဖက်ပြုချက်များကို မည်သို့နားလည်ရမည်နည်း။

ဓမ္မသစ်ကျမ်းကလည်း၊ ဓမ္မဟောင်းကဲ့သို့ပင် အစ္စရေးတို့၏ ဝိညာဉ်ရေးအခြေအနေကို အဓိကထားပါသည်။ "နိုင်ငံ"ဆိုသည့် ကြွယ်ပြန့်သောစကားလုံးက ရွေးကောက်သူတို့ကို ရည်ညွှန်း၍၊ "ကတိတော်၏သားများ"ဆိုသည်က "အမျိုးအနွယ်အဖြစ်သတ်မှတ်ခံရသူ"တို့ကိုရည်ညွှန်းသည်(ရော၉း၈)။ ငြင်းပယ်ခြင်းခံရသူတို့ကို "ဇာတိသားများ"ဟုခေါ်သည်၊ ထိုသူတို့က ရုပ်တုကိုးကွယ်ခြင်းသို့ အစ္စရေးတို့ကို ခေါ်သွားတတ်သည်။ ဘုရားသခင်သည် ဝိညာဉ်ရေးရာအသက်ရှိသော အစ္စရေးတို့ကိုသာ ကယ်တင်ပါသည်။ ဓမ္မဟောင်းကာလတွင် ဝိညာဉ်ရေးအသက်ရှိသော အစ္စရေးတို့ကို အစ္စရေးနိုင်ငံထံတွင်သာ တွေ့ရပါသည်။ ဂျူးမဟုတ်သူတို့ ကယ်တင်ခြင်းခံရသောအခါ၊ ဥပမာ ရုသ၊ ရာခပ်၊ အစ္စရေးနိုင်ငံသို့ ဝင်ရောက်ကြရပါသည်။ ဓမ္မသစ်ကာလရောက်သောအခါ၊ ဝိညာဉ်ရေးအသက်ရှိသောအစ္စရေးတို့သည် သခင်ယေရှုခရစ်ကို ယုံကြည်ကြသော လူမျိုးအများထဲတွင် တွေ့ရပါသည်။ ဓမ္မသစ်ကာလတွင် ခရစ်ယာန်တို့သည် တပါးအမျိုးသား အများစုဖြစ်ကြသော်လည်း ကျမ်းစာက "အတွင်းသဘောအားဖြင့်ဂျူးဖြစ်သူများ၊" "နှလုံးသားအရေဖျားလှီးခြင်းခံသူများ"ဟု ကျမ်းစာက ခေါ်ပါသည်(ရောမ ၂း၂၈-၂၉ ကို တရား ၃၀း၆၊ ယေ ၄း၄ တို့နှင့် နှိုင်းယှဉ်ဖတ်ပါ)။ ဖိလိပ္ပိအသင်းတော်မှ အခြားလူမျိုးခရစ်ယာန်များကိုရှင်ပေါလုက "အရေဖျားလှီးခြင်းခံသူများ"ဟုခေါ်ပါသည် (ဖိ ၃း၃)။ ထို့အပြင် ခရစ်ယာန်များသည် ကောင်းကင်နှင့်ဆိုင်သောဂျေရုရှလင် မြို့တော်သားများဖြစ်ကြသည် (ဂလာတိ ၄း၂၆)၊ ဇိအုန်တောင်သို့ လာကြသူများ ဖြစ်ကြပါသည် (ဟေဗြဲ ၁၂း၂၂)။

မယုံကြည်သူဂျူးတယောက်သည် ဂျေရုဆလင်မြို့တွင် ယနေ့ချိန်၌နေမည်ဖြစ်သော်လည်း သူသည် အာဗြဟံ၏ ဝိညာဉ်ရေးရာသားသမီး မဟုတ်ပါ(ဂလာတိ ၃း၇)။ "အစ္စရေးမျိုးနွယ်တိုင်းသည် အစ္စရေးမဟုတ်ပါ" (ရောမ ၉း၆)။ ဗတ္တိဇံပေးသူယောဟန်၊ သခင်ခရစ်တော်နှင့် တမန်တော်များသည် ဇာတိအားဖြင့်လည်း အစ္စရေးများဖြစ်ကြသော်လည်း(ရောမ ၉း၅၊ ဖိ ၃း၅)၊ သူတို့ခေတ်ရှိ ပါလက်စတိုင်းဒေသတွင်နေကြသော မယုံကြည်သူအစ္စရေးများကို ထပ်ခါတလဲလဲ သတိပေးခဲ့ကြပါသည် (မဿဲ ၃း၉၊ ယော ၃း၈၊ တမန် ၇း၅၁၊ ရောမ ၉း၇)။ အဘယ်ကြောင့်ဆိုသော် "အရေဖျားလှီးခြင်း အကျိုးမရှိ၊ မခံဘဲနေခြင်းလည်း အကျိုးမရှိ၊ မေတ္တာအားဖြင့် ပြုပြင်တတ်သောယုံကြည်ခြင်းသာ အကျိုးရှိ၏"(ဂလာ ၅း၆)။

"အစ္စရေး"သည် နိုင်ငံအဖြစ်မှ ဘယ်တော့မှကုန်မည်မဟုတ်ပါ(ယေရေမိ ၃၁း၃၆)၊ အဘယ်ကြောင့်ဆိုသော် ထိုသန့်ရှင်းသောနိုင်ငံသည် ဂျူးနှင့်တပါးအမျိုးသာတို့ပါဝင်သော အသင်းတော်ဖြစ်နေသောကြောင့်ဖြစ်သည်(၁ပေ ၂း၉)။ မဿဲ ၂၁း၄၃ ကပြောသည့် ဓမ္မဟောင်းအစ္စရေးနိုင်ငံကို အစားထိုးဝင်ရောက်မည့် နိုင်ငံဖြစ်သည်။ ဘုရားသခင်ထံတွင် "သန့်ရှင်းသောနိုင်ငံ"အမြဲရှိပါသည်။ ဓမ္မဟောင်းကာလတွင် ဂျူးအများစုဖြစ်၍ ဓမ္မသစ်ကာလတွင် ထို"သန့်ရှင်းသောနိုင်ငံ"သည် တကမ္ဘာလုံးဆိုင်ရာ အသင်းတော်ဖြစ်သွားသည်၊ လူမျိုးအားလုံးပါဝင်လာသည်၊ ထိုအထဲတွင် ကျန်ကြွင်းသောဂျူးအနည်းငယ်လည်း ပါပါသေးသည် (ရောမ ၁၁း၅)။

ဇဝံဂေလိယုံကြည်သူအများက အစ္စရေးနိုင်ငံသည် အနာဂတ်တွင်ပြန်လာဦးမည်ဟု ယုံနေကြဆဲရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဓမ္မဟောင်းကာလက ပရောဖက်ပြုချက်များကြောင့် ဖြစ်သည်၊ အပေါ်ယံသက်သက်ဖတ်ကြည့်ပါက ထိုသို့ထင်စရာရှိပါသည်။ ဥပမာ အာမုတ် ၉း၁၁-၁၅ က "ဒါဝိတ်တဲ

တော်” ယ္ခင်ကပုံစံအတိုင်း ပြန်လာမည်၊ ပြန်တည်ဆောက်မည်ဟု ကတိပေးထားသည်။ “ဖမ်းသွားခြင်းခံရသောအစ္စရေးလူအများ”ကို ပြန်ခေါ်လာမည်ဟုပြောသည်။

တိုက်ဆိုင်လှစွာ ထိုကတိတွင် အစ္စရေးတို့က “ကျန်ကြွင်းသောဧဒုံနှင့် တပါးအမျိုးသား”များကိုလည်း ပိုင်ဆိုင်မည်ဟု ပါနေပါသည် (အာမုတ် ၉း၁၂)။ ပရောဖက်မာလခိက ဧဒုံနိုင်ငံပြန်တည်ထောင်ခြင်း မဖြစ်နိုင်တော့ကြောင်းကို အထက်တွင် ရှင်းပြခဲ့ပြီးဖြစ်သည်။ ဒါဝိတ်မင်းသေရာကပြန်ရှင်ပြီး ဂျေရုဆလင်မြို့တွင် ဘုရင် ပြန်လုပ်မည်ဟု တွေးခြင်းသည်လည်း အတော်ကိုးယိုးကားယားနိုင်ပါသည်။ ထို့ကြောင့် အရှိကိုအရှိအတိုင်းအနက်ဖွင့်ရမည်ဟု ပြောသူများအတွက် ဒါဝိတ်ဆိုသည်မှာ ခရစ်တော်ဖြစ်သည်ဟု ပြောပြန်လျှင်လည်း ရှေ့နောက်မညီသောအတွေး ဖြစ်ပြန်သည်။ အဘယ်ကြောင့်ဆိုသော် အရှိကိုအရှိအတိုင်းယူရမည်ဟုပြော၍ ရှေ့နောက်ညီရမည်ဖြစ်သည်။ (ဒါဝိတ်ဆိုလျှင်ဒါဝိတ်ဖြစ်သည်၊ ထို ဒါဝိတ်ကို တနေရာတွင် ဒါဝိတ်၊ နောက်တနေရာရောက်သော် ခရစ်တော်ကိုပြောသည်ဟု ဆိုခြင်းသည် ရှေ့နောက်မညီသော၊ လူညံ့တို့အတွေးဖြစ်သည်။)

မည်သို့ပင်ဖြစ်စေ၊ တမန် ၁၅း၁၄-၁၈သည် အာမုတ်အနာဂတ္တိကျမ်းကို တမန်တော်တို့က ဩဇာအာဏာအပြည့်နှင့် အနက်ဖွင့်ထားခြင်းဖြစ်သည်။ အစ္စရေးတိုင်းပြည်ပြန်တည်ထောင်ရန် ပြောနေသည်မဟုတ်ပါ၊ ဓမ္မသစ်အသင်းတော်သို့ တပါးအမျိုးသားများကို စုစည်းခြင်းအကြောင်းဖြစ်သည်ဟု တမန်တော်တို့က ပြောပါသည်။ ဟေရှာယ ၅၄ လည်းထို့အတူပင်ဖြစ်သည်။ “သင်၏တဲရာကို ကျယ်စေလော့၊ သင်၏နေရာ မျက်နှာကြက်ကို ကြက်ဦးလော့၊ နှမြောသောစိတ်မရှိနှင့်၊ ကြိုးတို့ကို ရှည်စေဦးလော့၊ တိုင်တို့ကို မြဲစွာစိုက်လော့၊ အကြောင်းမူကား သင်သည် လက်ျာဘက်၊ လက်ဝဲဖက်၌ တိုးပွားလိမ့်မည်၊ သင်၏အမျိုးအနွယ်သည် တပါးအမျိုးသားတို့ကို အမွေခံ၍၊ သူတို့၏ဆိတ်ညံသောမြို့တို့၌ နေကြလိမ့်မည်” (ငယ်၂-၃)။ အဘယ်ကြောင်း တဲကိုနေရာချဲ့ရမည်နည်း၊ တပါးအမျိုးသားတို့ဝင်လာရန်ဖြစ်သည်။ တမန်တော်ယာကုပ်က(တမန် ၁၅) ပရောဖက်အာမုတ်ပြောသည်ကိုသုံး၍၊ ထိုကဲ့သို့ပင် ရှင်းပြပါသည်။

ထို့အတူ ဟောရှေကလည်း ယုဒနှင့်အစ္စရေးအမျိုးသားတို့သည် “စုစည်းမိကြမည်” ထိုအခါ “သမုဒ္ဒရာသဲလုံးနှင့်အမျှ” များမည်ဟုကတိပေးပါသည် (ဟောရှေ ၁း၁၀-၁၁၊ ၂း၁၄-၂၃)။ ထိုကတိတော်သည် ရောမ ၉း၂၅-၂၈ နှင့် ၁ပေ ၂း၉-၁၀ တွင် ပြည့်စုံပြီးဖြစ်သည်။ ၁၉၄၈ အစ္စရေးနိုင်ငံတည်ထောင်ချိန်တွင် လုံးဝမဟုတ်ပါ။ နောက်တခါ၊ အစ္စရေးလူတို့နှင့်၄င်း၊ ယုဒလူတို့နှင့်၄င်း ပြုတော်မူမည့် အသစ်သောပဋိညာဉ်(ယေရမိ ၃၁း၃၁-၃၄)သည် ဓမ္မသစ်ကာလ သခင်ယေရှုခရစ်တော်၏ အသင်းတော်ကယ်တင်ခြင်းရချိန်တွင် ပြည့်စုံပြီးဖြစ်သည် (ဟေဗြဲ ၈း၈-၁၂၊ ၁၀း၁၆-၁၇)။

သို့သော် ပရောဖက်များက အဘယ်ကြောင့် ထိုသို့ရှင်းစွာ မပြောခဲ့ကြသနည်း။ ဓမ္မဟောင်းကာလရှိအသင်းတော်သည် အုပ်ထိန်းသူဆရာအောက်တွင် ရှိနေခဲ့ပါသည် (ဂလာ ၃း၂၄)။ ထို့ကြောင့် သွန်သင်သည်အခါ၊ နိမိတ်ပုံများ(figurative language)ဖြင့် အဓိက သွန်သင်ခံရပါသည် (နိုင်ငံ့မြေ၊ ဗိမ္မာန်/ဘုရားကျောင်းကြီး၊ ဒါဝိတ်ဦးဆောင်မှုအောက်တွင် ပြန်လည်ညီညွတ်ခြင်း၊ စသဖြင့်)။ ထိုနိမိတ်ပုံများ၊ ပညတ်ဥပဒေသများ၏အရိပ်ပုံများတို့သည် ဓမ္မဟောင်းအသင်းတော်ကိုသခင်ခရစ်တော်အကြောင်းသင်ပေးရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ “ပရောဖက်များက ဓမ္မသစ်ကာလအကြောင်းကို နိမိတ်ပုံများမပါဘဲ၊ အရှိအတိုင်းသင်ပေးခဲ့ပါက ဓမ္မဟောင်းကာလက ယုံကြည်သူများသည် လင်းလွန်း၍ သဘာပေါက်နိုင်ကြမည်မဟုတ်ပါ”ဟု ဓမ္မဟောင်းကျမ်းစာပညာရှင် ဒဗလျူဂျေဂရီယာ(W. J. Grier)က ပြောပါသည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်းက ကျွန်တော်တို့ကို ဓမ္မဟောင်းကျမ်းအားအနက်ဖွင့်ရန် သော့ကို ပေးပါသည်။ ပရောဖက်ပြုချက်များသည် ဝိညာဉ်ရေးရာနှင့်ဆိုင်ပါသည် (ဝိညာဉ်ရေးရာလူတို့အတွက်သာ)၊ အရှိကိုအရှိ(not literal)အတိုင်းမဟုတ်ပါ။

အထက်ကပြောသမျှသည် ဂျူးမုန်းတီးရေးအတွက် ရေးနေခြင်းမဟုတ်ပါ။ ဂျူးတို့သည်လည်း တပါးအမျိုးသားတို့ ကယ်တင်ခံရသည့်နည်းလမ်းအတိုင်းသာ ကယ်တင်ခြင်းခံရပါမည်၊ သူတို့အတွက် အထူးလမ်းဆိုသည်မျိုး သတ်သတ်မရှိပါ။ ခရစ်ယာန်တယောက်အနေနှင့် ခေတ်သစ်အစ္စရေးနိုင်ငံကို ထောက်ခံနေစရာမလိုပါ၊ အနာဂတ်တွင် ကောင်းချီးများရှိသေးသည်ဟု ထိုနိုင်ငံအတွက် တွေးမနေသင့်ပါ၊ သခင်ခရစ်တော်က ပြောပါသည်၊ “သင့်အိမ်နီးချင်းကိုချစ်ပါ၊” သူသည် မည်သည့်လူမျိုးဖြစ်စေ ကယ်တင်ခြင်းရအောင် ကူညီရမည်သာဖြစ်သည်။ (အမှုတော်မြတ်၌၊ ဆရာဆန်ကျဲ)